







# နားစွင့်ရမည့်အသံများ

## မြေယာအခွင့်အရေး အကာအကွယ်ပေးရေးနှင့် အသိအမှတ်ပြုရေးအတွက် မူလမြေပိုင်ရှင်တို့၏ အစဉ်တစိုက် ရုန်းကန်တိုက်ပွဲဝင်မှုများ

(အစီရင်ခံစာအနှစ်ချုပ်)




HURFOM

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ
စီစဉ်ထုတ်ဝေသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၅ ခုနှစ်



Moke Ta Ma
Zar Ta Pyin
Mawlamyine
Mawlamine University
Tanbingon
Chaungzon
Pa-auk
Thayagon
Myaingon
Kwanta
Beyan
Mudon
Wette
Tawku
Kamawet
Chaunghnitkwa
Kalawthut
Kyaikkami
Hninkai
Kadathtoot
Kownthat
Zintaung
Hnipadaw
Karen taung
Kyaunkadat
Kwanhlar
Phaungsain
Anansan
Wagaru
Thanbyuzayat
Zaminsate
Kyounkayou
Wetonchaung
Sangyi
WaeYet
Setse
Davebyu
Waekalee
wewinkarau
Andaman sea
Webodaung
Karoppi
Kawhlaing
Sakangyi
Retphaw
Wegalaung
Kawdut
Ankhe
Kalempadaw
Wekame
Gyaw
Tin Yu
Kyaungywa
Anin
Hnit karin
Palaimon
Kawdut
Kwanhlar
Thanbyuzayat
IB No.62
IB No.31
800 acres of rubber plantations in total
Waekalee
AR No. 315
No.4 Military Training School
Phaya Lay Su
Panga
400 acres of rubber plantations in total
Waewinkara
Sat Kaw
Waboetaung
1967.8 acres of rubber plantations in total
Karoppi
Sakhan Kyi
Sanpya Ywa
N
Thanbay
Khon khan
Pagoda
Taung Zun
Shitpyit
Kyunchaung
Thabyu
Pyinmahtein
Lonsi
Mezali
Apalon
Phadaw
Ta-Dein
Thailand
Three Pagoda Pass
Duya
Abaw
Ye
Hangan
Yinyie
Yindein
kawza
LEGEND
Village
Town
Government Army Bases
Motor Road
Railway
Confiscated lands

# (၁) မိတ်ဆက်

၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် လယ်ယာမြေအခွင့်အရေးအတွက် မွန်လယ်သမားများ၏ ရုန်းကန် တိုက်ပွဲဝင်ပုံနှင့် ၎င်းတို့၏အခက်အခဲ အတားအဆီးများအကြောင်းကို ရေးသားထား သော တရားမဲ့နယ်မြေအမည်ရှိ အစီရင်ခံစာတစ်စောင်ကို မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း က ထုတ်ဝေခဲ့သည်။

အစီရင်ခံစာထုတ်ဝေပြီး တစ်နှစ်ကျော်ကြာမြင့်ခဲ့သည်အထိ လယ်သမားများ၏အခက်အခဲများ ပြေလည် သွားခြင်းမရှိသော်လည်း အစိုးရစစ်တပ်၏ မြေယာသိမ်းယူခြင်းဆိုင်ရာ သတင်းအချက်အလက်အသစ် များက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ တဖွဲဖွဲရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံ၏မြေယာ ပြဿနာသည် မြေယာစီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ အစိုးရနှင့်အာဏာပိုင်များ၏ တာဝန်ယူမှု ကင်းမဲ့ခြင်းနှင့် စစ်တပ်က တရားဥပဒေအထက်တွင် တည်ရှိနေခြင်းတို့အပေါ် အဓိကတည်မှီနေကြောင်း မွန်ပြည်လူ့အ ခွင့်အရေး ဖောင်ဒေးရှင်းက သုံးသပ်ပါသည်။

မြန်မာနိုင်ငံတွင် မြေယာဈေးနှုန်းများသည် အချိန်နှင့်အမျှမြင့်မားလာလျက်ရှိနေသည့်အတွက် သိမ်းယူ ခြင်းခံထားရသော ၎င်းတို့၏ လယ်ယာမြေများ၊ နှစ်ရှည်ပင် ဥယျာဉ်ခြံမြေများကို မူလမြေပိုင်ရှင် ဒေသခံပြည်သူများက ပြန်လည်ရယူလိုလျက်ရှိသည်။ မြေယာအခွင့်အရေးအတွက် တရားဥပဒေဆိုင် ရာလုပ်ထုံး လုပ်နည်းများရှိနေသော်လည်း မြေပိုင်ရှင်တောင်သူတို့၏ တင်ပြတောင်းဆိုမှုများကို ဖြေရှင်း ပေးနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

တရားမဲ့နယ်မြေ အစီရင်ခံစာထုတ်ဝေပြီးနောက်ပိုင်း မွန်လယ်သမားများအနေဖြင့် ၂၀၁၂ လယ်ယာမြေဥ ပဒေနှင့်ပတ်သက်၍ အသိပညာမြောက်မြားစွာ တိုးတက်လာသည့်အပြင် သက်ဆိုင်ရာ တက်ကြွလှုပ်ရှား သူများထံမှ အကူအညီများရရှိခဲ့သော်လည်း ၎င်းတို့၏ အခက်အခဲများမှာမူ ပြေလည်သွားခြင်းမရှိချေ။ မြေပိုင်ရှင်တောင်သူများအနေဖြင့် အတိတ်ကာလကအားနည်းချက် ချို့ယွင်းချက်များကို ပြင်ဆင်ပြီး ၎င်းတို့အခွင့်အရေးအတွက် နည်းဗျူဟာကျကျ အကောင်းဆုံးတိုက်ပွဲဝင်နေသော်လည်း ရလဒ်များမှာ တိုးတက် မလာပေ။

ထို့ကြောင့် ခြံရှင်တောင်သူများ၏ တိုက်ပွဲဝင်ကြိုးပမ်းနေမှုများအတွက် ထိုက်တန်သောအသီးအပွင့်များ ရရှိရန်၊ လယ်ယာမြေပဋိပက္ခများနှင့်ပတ်သက်၍ တရားမျှတမှုပြန်လည်ရရှိရန်၊ မြေယာပဋိပက္ခဖြေရှင်းရာ တွင် မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းများကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် မွန်ပြည်နယ် အတွင်းဖြစ်ပွားနေသော မြေယာပဋိပက္ခများနှင့်ပတ်သက်၍ ပိုမိုစနစ်ကျနစွာဖြင့် အရှိန်အဟုန်မြှင့်

လေ့လာစုံစမ်းသင့်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆသဖြင့် ဤအစီရင်ခံစာကို ထုတ်ဝေရခြင်း ဖြစ်သည်။

၁၉၉၅ ခုနှစ်မှစတင်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ဆယ်စုနှစ် (၂)ခုနီးပါး လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်းနှင့် သက်သေအထောက်အထားများ စုဆောင်းခြင်းလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့သည်။

ဤအစီရင်ခံစာအတွက် နယ်သတင်းထောက် (၄) ဦးကို ၂၀၁၄ ဇန်နဝါရီလမှ ၂၀၁၄ ဒီဇင်ဘာလအထိ တစ်နှစ်နီးပါး အသုံးပြုခဲ့ရပြီး နစ်နာသူလယ်သမားများနှင့် တွေ့ဆုံမေးမြန်းမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ မြေပိုင်ရှင် ရာဘာစိုက်ပျိုးသူ တောင်သူ (၁၀၀) ကျော်နှင့်တွေ့ဆုံခဲ့ပြီး လယ်ယာမြေသိမ်းယူမှု (၁၄၅) မှုကို မှတ်တမ်းပြုနိုင်ခဲ့သည်။ လယ်ယာမြေအခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သော အသံနှင့်ဗီဒီယို မှတ်တမ်း (၂၂) ခုကိုလည်း စုဆောင်းနိုင်ခဲ့သည်။

နယ်သတင်းထောက်များက တယ်လီဖုန်းဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ လူကြုံဖြင့်လည်းကောင်း ပေးပို့သော သတင်းအချက်အလက်များကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း ရုံးအဖွဲ့သားများက ဘာသာပြန်ဆိုခြင်း၊ ထပ်မံအတည်ပြုခြင်းနှင့် တည်းဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။

(၇၀) ရာခိုင်နှုန်းသော တွေ့ဆုံမေးမြန်းမှုများကို မွန်ဘာသာဖြင့် ပြုလုပ်ခဲ့ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ဤအစီရင်ခံစာပါ သတင်းအချက်အလက်များကို တတ်နိုင်သမျှ အပြည့်စုံဆုံးနှင့် အမှန်ကန်ဆုံးဖြစ်စေရန် အထူးသတိပြု လုပ်ဆောင်ခဲ့သည်။

လူတွေ့မေးမြန်းခြင်းဖြင့် သတင်းအချက်အလက်များရယူခဲ့သည့်အပြင် နစ်နာသူမြေပိုင်ရှင် တောင်သူများ၏ အသနားခံစာများနှင့် သက်ဆိုင်ရာ အာဏာပိုင်များ၏တုံ့ပြန်မှုမှုများကိုလည်း စုဆောင်းခဲ့သည်။

သတင်းအချက်အလက်ကောက်ခံနေစဉ်အတောအတွင်း အခက်အခဲများစွာကြုံတွေ့ခဲ့ရပြီး နယ်သတင်းထောက်များအတွက် လုံခြုံရေး အာမခံချက်မရှိခြင်း၊ အပြစ်ပေးအရေးယူခြင်းကို ကြောက်ရွံ့သဖြင့် ဥပဒေပညာရှင်များက အကူအညီပေးရန် ငြင်းဆိုခြင်းနှင့် အစိုးရဝန်ထမ်းများ၏ ပါဝင်ပူးပေါင်းမှု မရှိခြင်းတို့ကို အဓိက ကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံရှိ (၇၀) ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသဖြင့် လယ်ယာမြေနှင့် နစ်ရှည်ပင် ဥယျာဉ်ခြံမြေများသည် ၎င်းတို့၏ အသက်သွေးကြောဖြစ်နေသော်လည်း မြေယာအခွင့်အရေး၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အာမခံချက်တစ်စုံတရာ မရှိချေ။ စစ်တပ်အခြေစိုက်စခန်းများချဲ့ထွင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းတို့ကြောင့် ကျေးလက်နေလယ်သမားများအနေဖြင့် လယ်ယာမြေအမြောက်အမြား ဆုံးရှုံးခဲ့ရသည်။

လယ်ယာမြေဥပဒေ အားနည်းခြင်းနှင့် လယ်ယာမြေသိမ်းယူနေသော စစ်တပ်ကို တရားစွဲဆိုခြင်း၊ အရေးယူနိုင်ခြင်းမရှိခြင်းတို့ကြောင့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့ပြီဟု အစိုးရက အသံကောင်းဟစ်နေသည့်တိုင် လယ်ယာမြေဆုံးရှုံးရမှုများ ဆက်လက် ဖြစ်ပေါ်နေလျှက်ရှိသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများနှင့် စစ်တပ်နှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်များက ရာဘာခြံလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာခြင်းကြောင့် ၂၀၁၁ ခုနှစ်မှစတင်၍ မွန်ဒေသတွင် မြေယာသိမ်းယူမှု မြင့်တက်လာခဲ့သည်။

မြေယာအငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုများနှင့်ပတ်သက်လာပါက မွန်တောင်သူများအတွက် စိုးရိမ်စရာဖြစ်လာခဲ့သည်။ နစ်နာသူလယ်သမားအများစုက ၎င်းတို့ဆုံးရှုံးခဲ့သော ဥယျာဉ်ခြံမြေများကို ပြန်လည်ရယူလိုကြသော်လည်း သိမ်းယူခဲ့သော ခြံမြေများကို အဆင့်ဆင့် လွှဲပြောင်းရောင်းချခဲ့ခြင်းနှင့် မြေယာဆိုင်ရာဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများရှိနေခြင်းတို့ကြောင့် မြေယာများ ပြန်လည်ပေးအပ်ရန် ခက်ခဲနေဆဲပင်ဖြစ်သည်။

## ၃-က) မြေယာမူဝါဒ

မြန်မာနိုင်ငံ၏ ကနဦးလယ်ယာမြေမူဝါဒသည် ဆိုရှယ်လစ်စနစ်အပေါ်တွင် အခြေခံသည်။ နိုင်ငံတော်သည် လယ်ယာမြေ၏ အဆုံးစွန်သောပိုင်ရှင်ဖြစ်သည်။ လယ်သမားများအတွက် စိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေယာအသုံးချခွင့်ကိုမူ ကာကွယ်ပေးထားသည်။ ၁၉၈၈ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံ

တော်ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးကောင်စီလက်ထက်တွင် ဆိုရှယ်လစ်မူဝါဒကို ငြင်းပယ်ပြီး လယ်ယာမြေနှင့်ပတ်သက်၍ နိုင်ငံတော်က အလုံးစုံထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့သည်။

၁၉၈၈ မှ ယခုလက်ရှိကာလအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အသားပေးသော အရင်းရှင်စနစ်ဆန်သော မြေယာမူဝါဒကို အသုံးပြုခဲ့ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ ၎င်းမြေယာမူဝါဒကို အသုံးချပြီး ပြည်သူလူထု၏ လယ်ယာမြေဧက မြောက်များစွာကို အစိုးရက သိမ်းယူခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရက မြေယာဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသောကဏ္ဍဖြစ်ကြောင်း အစိုးရက အသိမှတ်ပြုခဲ့ပြီး စိုက်ပျိုးမြေအမြောက်အမြားကို စစ်တပ်နှင့်နီးစပ်သော စီးပွားရေးကုမ္ပဏီများထံသို့ လွှဲပြောင်းပေးခဲ့သည်။ လယ်ယာမြေသိမ်းယူမှုကို လျှော့ချရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကလည်း လက်တွေ့ကျကျ အသက်ဝင်ခြင်းမရှိသည့်အပြင် ၂၀၁၂ လယ်ယာမြေဥပဒေကလည်း ကောင်းမွန်သောမူဝါဒကို ပေးအပ်နိုင်ခြင်း မရှိချေ။

၂၀၁၂ လယ်ယာမြေဥပဒေကို အသုံးချပြီး လက်ရှိအစိုးရက စစ်တပ်နှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ၎င်းတို့၏ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးသော ကုန်ပစ္စည်းဖြစ်သည့် မြေယာကိုရယူခဲ့ကြသည်။ အရိုးရှင်းဆုံးပြောရလျှင် ၂၀၁၂ လယ်ယာမြေဥပဒေသည် အစိုးရနှင့် ၎င်းတို့နှင့်နီးစပ်သော ကုမ္ပဏီများကို တရားဝင်မြေသိမ်းခွင့် ပေးအပ်ထားသည့် ဥပဒေဖြစ်သည်။

၁၈၉၄ မြေရယူ(သိမ်းယူ) ခြင်းဥပဒေက မြေအားလုံးကို နိုင်ငံတော်ကရယူနိုင်ကြောင်း ပြဋ္ဌာန်းခဲ့သော်လည်း မြေသိမ်းယူစဉ်တွင် လျော်ကြေးငွေပေးအပ်ခြင်းအပါအဝင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ဖော်ပြခဲ့သည်။

၂၀၀၈ အခြေခံဥပဒေက ၁၉၇၄ အခြေခံဥပဒေအတိုင်းပင် နိုင်ငံတော်အား အဆုံးစွန်သော မြေပိုင်ရှင်အဖြစ်သတ်မှတ်ခဲ့ပြီး နိုင်ငံသားများကို မြေယာအသုံးပြုခွင့်သာ ပေးအပ်ထားသည်။ ၎င်းအပြင် ပွင့်လင်းမြင်သာမှု သို့မဟုတ် တာဝန်ယူမှု လုံလောက်စွာ မရှိသော်လည်း (နိုင်ငံတော်က) မြေယာရယူ (သိမ်းယူ) နိုင်ရန် ၂၀၀၈ ဥပဒေက ခွင့်ပြုထားသည်။

## ၃-၈) လယ်ယာမြေဆိုင်ရာ ဥပဒေများ

လယ်ယာမြေဥပဒေသစ်ကို ၂၀၁၂ ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့သည်။ လယ်ယာမြေအာမခံချက် တိုးတက်လာစေရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သော်လည်း သာမန်လယ်သမားများ၏ အခွင့်အရေးကို ကာကွယ်ဖော်ဆောင်ပေးရန်အတွက်မူ ပျက်ကွက်ခဲ့သည်။ လယ်ယာမြေ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အမွေဆက်ခံခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ တရားဝင်လုပ်ထုံးလုပ်နည်းများကို ၎င်းဥပဒေတွင် ဖော်ပြထားသည်။ သို့သော် လယ်ယာမြေအသုံးပြုခွင့် လျှောက်ထားရာတွင်မူ လယ်သမားများအတွက် ကန့်သတ်ချက်များများပြားနေဆဲဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေများကို တရားဝင်ရယူ (သိမ်းယူ) နိုင်ရန် ၂၀၁၂ လယ်ယာမြေဥပဒေက လမ်းဖွင့်ပေးထားသည်။ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှတဆင့် မြေစာရင်းဦးစီးဌာနတွင် လယ်ယာမြေအသုံးပြုခွင့် လျှောက်ထားနိုင်သော်လည်း တိကျရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ဖော်ပြထားခြင်း မရှိချေ။ လယ်ယာမြေအသုံးပြုခွင့် လျှောက်ထားရာတွင် ငွေကြေးကုန်ကျမှုများ မြင့်မားနေဆဲဖြစ်ပြီး လယ်ယာမြေအငြင်းပွားမှုတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တရားရုံးကိုကျော်လွန်၍ လုပ်ပိုင်ခွင့်အာဏာ ပိုမိုရရှိထားသည်။

မြေလွတ်မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲခြင်းဥပဒေကို ၂၀၁၂ ခုနှစ် မတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေကို မြေလွတ်မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှု ဗဟိုကော်မတီက ကျင့်သုံးစီမံခန့်ခွဲမည်ဖြစ်သည်။ မြေနေရာတစ်ခုခုကို ဗဟိုကော်မတီက မြေလွတ်မြေလပ် သို့မဟုတ် မြေရိုင်းဟု သတ်မှတ်လိုက်ပါက ၎င်းဧရိယာအတွင်းရှိ စိုက်ပျိုးမြေများနှင့် သစ်တောမြေများကို ပယ်ဖျက်ပိုင်ခွင့်ရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူချက်ဖြင့် အစိုးရဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်စေ တစ်သီးပုဂ္ဂလဖြစ်စေ လုပ်ငန်းလုပ်ကိုင်နိုင်မည်ဖြစ်သည်။ သဘာဝသယံဇာတထွက်ရှိသောမြေနေရာနှင့် နိုင်ငံတော်စီမံကိန်းလုပ်ဆောင်လိုသော မြေနေရာများကို အစိုးရကသိမ်းယူနိုင်ရန်လည်း ဤဥပဒေက ခွင့်ပြုထားသည်။ ဗဟိုကော်မတီအနေဖြင့် မြေဧက (၅,၀၀၀) မှ (၅၀,၀၀၀) အထိကို နှစ်သုံးဆယ်လုပ်ပိုင်ခွင့်ချမှတ်ပေးနိုင်သည်။ ကော်မတီတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အခြားဌာနဆိုင်ရာ အစိုးရဝန်ထမ်းများက အဖွဲ့ဝင်များအဖြစ် ပူးပေါင်းပါဝင်ကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကျင့်သုံးစီမံခန့်ခွဲသည်။ ၎င်းဥပဒေက စီမံကိန်းတစ်ခုကို နှစ်ပေါင်း (၅၀) အထိ လုပ်ကိုင်ခွင့်ပြုထားပြီး နောက်ထပ်နှစ် (၂၀) သက်တမ်းတိုး လုပ်ကိုင်ခွင့်ကိုလည်း ခွင့်ပြုထားသည်။ ၎င်းဥပဒေကြောင့်

အဓိကအကျိုးကျေးဇူးခံစားရသူများမှာ စစ်တပ်၊ အစိုးရအာဏာပိုင်များနှင့် ၎င်းတို့နှင့် ရင်းနှီးသော စီးပွားရေးလုပ်ငန်းရှင်များသာ ဖြစ်သည်။

## ၃-၈) ဗဟိုချုပ်ကိုင်မှုစနစ်နှင့် မြေယာဆိုင်ရာ အစိုးရအဖွဲ့အစည်းများ

မြန်မာနိုင်ငံ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ကျင့်သုံးပြီး နိုင်ငံတော်အဆင့် စိုက်ပျိုးရေးမူဝါဒ ချမှတ်ခြင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်အရှိဆုံးဖြစ်သဖြင့် မြန်မာနိုင်ငံ၏ လယ်ယာမြေစီမံခန့်ခွဲမှုကို ၎င်းဌာနက လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု ပြောဆိုနိုင်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကို ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးစသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းကာ လယ်ယာမြေအသုံးပြုခွင့် လျှောက်ထားခြင်း၊ မြေစာရင်းဦးစီးဌာနတွင်မှတ်ပုံတင်ခြင်း၊ မြေယာအသုံးပြုခွင့်ကိုပယ်ဖျက်ခြင်းနှင့် မြေယာပြဿနာများကို ဖြေရှင်းခြင်းစသည်တို့ကို လုပ်ဆောင်သည်။

လယ်ယာမြေအငြင်းပွားမှုအတွက် ဗဟိုကော်မတီအထိ အဆင့်ဆင့်တင်ပြနိုင်သော်လည်း ကော်မတီ၏ ဆုံးဖြတ်ချက်ကို တရားရုံးက ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိသည့်အတွက် သာမန်လယ်သမားများအတွက် အခွင့်အရေးဆုံးရှုံးလျက်ရှိသည်။

လယ်သမားများအတွက် မြေယာအသုံးပြုခွင့် ရှိခြင်းမရှိခြင်း၊ တရားဝင်ခြင်းမဝင်ခြင်းတို့ကို မြေစာရင်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်သည်။

မြေလွတ်မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီကို ပြည်ထောင်စုအဆင့် အစိုးရဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချုပ်ကိုင်ထားသည်။ မြေလွတ်မြေလပ်နှင့် မြေရိုင်းအသုံးချခွင့်ကို ပေးအပ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းစသည်တို့ကို လုပ်ဆောင်သည်။

လယ်ယာမြေသိမ်းယူမှု စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးမှကိုယ်စားလှယ်များ အများစုပါဝင်သည်။ လွန်ခဲ့သော နှစ် (၂၀) အတွင်း ဖြစ်ပွားခဲ့သော မြေယာသိမ်းယူမှုများကို စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး ၁၉၈၈ နောက်ပိုင်း နှင့်

သိမ်းယူစဉ်အချိန်က တည်ဆဲဥပဒေနှင့် မဆန့်ကျင်ဟုယူဆသော မြေသိမ်းယူမှုများကို ကိုင်တွယ်ခွင့်မရှိချေ။ လယ်မြေမူဝါဒအတွက် သမ္မတနှင့် လွှတ်တော်ကို အကြံပြုနိုင်ရန် ဆောင်ရွက်ရသည်။

"တရားမဲ့နယ်မြေ" အစီရင်ခံစာ ထုတ်ဝေပြီးနောက်ပိုင်း မြန်မာစစ်တပ်၏မြေယာသိမ်းယူမှုများနှင့် အခွင့်အရေးချိုးဖောက်မှုများနှင့်ပက်သတ်သော သတင်းအချက်အလက်အသစ်များ ထွက်ပေါ်လာခဲ့သည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရာဘာခြံဧက (၂၀၀၀) ကျော်ကို စစ်တပ်ကသိမ်းယူထားမှုသည် စာနယ်ဇင်းအဖွဲ့များနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကြောင့် ပြည်သူများ သိရှိလာကြသည်။ ဖိနှိပ်အုပ်ချုပ်သောစစ်အစိုးရကြောင့် အကြောက်တရားလွှမ်းမိုးခဲ့သဖြင့် ယခင်က တိတ်တဆိတ်နေခဲ့ရသော နစ်နာသူမြေယာပိုင်ရှင်များသည် ဒေသခံတက်ကြွလှုပ်ရှားသူများ၊ သတင်းနှင့်စာနယ်ဇင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့အစည်းများကို အားပေးကူညီမှုကြောင့် ၎င်းတို့၏ အခွင့်အရေးအတွက် တိုက်ပွဲဝင်ရန် နစ်နာခဲ့မှုများကို ထုတ်ဖော်ပြောဆိုလာကြပြီဖြစ်သည်။

## ၄-က) လယ်သမားအခွင့်အရေးအတွက် နောက်ဆုံးအချိန်

တပ်စခန်းချဲ့ထွင်ခြင်း၊ စီမံကိန်းများ လုပ်ဆောင်ခြင်းနှင့် စီးပွားရေးအကျိုးအမြတ်အတွက် အစိုးရစစ်တပ်က ဒေသနေပြည်သူလူထုများ၏ လယ်ယာမြေများကို အစဉ်တစိုက် သိမ်းယူလာခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာချိန်တွင် စစ်တပ်၏ မြေသိမ်းယူမှုက သိသာစွာမြင့်တက်လာခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက မြေယာများသိမ်းယူပြီး အကျိုးစီးပွားအတွက် ပုဂ္ဂလိကကုမ္ပဏီများသို့ ပြန်လည်ရောင်းချခဲ့သည်။ ခြိမ်းခြောက်ခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့အပြင် မတရားသောဥပဒေများဖြင့် ဧကထောင်ပေါင်းများစွာသော မြေယာများကို လျော်ကြေးပေးချေခြင်းမရှိဘဲ စနစ်တကျသိမ်းယူခဲ့သည်။

"(အသိမ်းခံရတဲ့) ခြံမြေအများစုကတော့ ရာဘာခြံတွေပဲ။ အဲအချိန်တုန်းက တစ်ဧက (၂၉) သိန်းလောက် ပေါက်ဈေးရှိတယ်။ ကျွန်တော့်ခြံလို အစေးခြစ်လို့ရတဲ့ခြံဆို တစ်ဧက သိန်း (၃၀) လောက်ရှိတယ် (နိုင်ကျော်စိုး ခေါ် နိုင်ပြား - ကျွဲသုံးညီမကျေးရွာ၊ ရေဖြူမြို့နယ်)"

လယ်သမားများအနေဖြင့် ၎င်းတို့၏စိုက်ပျိုးမြေအတွက် ငွေအားလူအားသာမက အချိန်မြောက်မြားစွာပေးဆပ်ခဲ့ရသည်။ လယ်မြေခြံမြေသိမ်းယူခံရချိန်သည် သီးနှံများ ဆွတ်ခူးရိတ်သိမ်းချိန် သို့မဟုတ် ရာဘာအစေးခြစ်ချိန်တို့နှင့် ကြိမ်ဖန်များစွာ တိုက်ဆိုင်နေကြောင်း နစ်နာသူလယ်သမားများက ပြောဆိုခဲ့ကြသည်။

"ရာဘာပျိုးပင် အပင် (၅၀၀) ဝယ်ဖို့ ကျွန်တော်တို့ ပိုက်ဆံတော်တော် အကုန်ခံခဲ့ရတယ်။ တစ်နှစ်တစ်နှစ် ရာဘာစိုက်ပျိုးစရိတ်က တိုးတိုးလာတယ်။ ကျွန်တော်တို့ဆို အချိန် (၉) နှစ်လောက် သုံးခဲ့ရတယ်။ ရာဘာစေးခြစ်လို့ရအချိန်ရောက်တော့ အမှတ် (၃၁၅) အမြောက်တပ်ရင်းက ကျွန်တော်တို့ ခြံမြေကို သိမ်းလိုက်တယ် (ဦးခင်မောင် (၂၇ နှစ်) သံဖြူဇရပ်မြို့နယ်)"

အတိတ်ကာလတွင် စစ်တပ်က လယ်မြေခြံမြေများကိုသိမ်းယူပြီး ခြံမြေပိုင်ရှင်များထံမှ အခွန်ကောက်ခံကာ သီးစားလုပ်ကိုင်ခွင့် ပြန်လည်ချပေးခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာ ချိန်တွင် စစ်တပ်ကသီးစားချထားမှုကို ရပ်ဆိုင်းပြီး လယ်မြေခြံမြေများကို အပြီးပိုင်သိမ်းယူကာ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများသို့ ရောင်းချခဲ့သည်။

စစ်တပ်က သီးစားချထားခြင်းကိုရပ်ဆိုင်းပြီး လယ်မြေခြံမြေများကို အပြီးပိုင်ရောင်းချလိုက်မည်ကို စိုးရိမ်သော မူလပိုင်ရှင်များက ၎င်းတို့၏ယာမြေခြံမြေများ အသိမ်းခံထားရကြောင်းကို ထုတ်ဖော်ပြောကြားရန် ကြောက်ရွံ့နေခဲ့ကြသည်။ ၎င်းတို့အား စစ်တပ်က လယ်မြေခြံမြေများမှအပြီးပိုင်မောင်း ထုတ်လိုက်မည်ကိုစိုးရိမ်သဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုကို စုံစမ်းသည့်အဖွဲ့အစည်းများနှင့်စာနယ်ဇင်းမီဒီယာများကို လယ်မြေခြံမြေသိမ်းယူခံရမှုအကြောင်း ပြန်လည်ပြောပြရန် ငြင်းဆန်လေ့ရှိသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် မြေယာဈေးနှုန်းများကလျင်မြန်စွာမြင့်တက်လာခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ဈေးမတက်မီအချိန်တွင် မြေယာများကို ရယူထားလိုကြသည်။ ၎င်းအချိန်တွင် စစ်ဘက်ဆိုင်ရာအာဏာပိုင်များ၏အကျိုးအမြတ် ရယူလိုမှုကြောင့် လယ်သမားခြံသမားများအနေဖြင့် ၎င်းတို့၏လယ်မြေခြံမြေများကို အပြီးပိုင်ဆုံးရှုံးလိုက်ရမည့်အရေးနှင့် ကြုံတွေ့နေရသည်။ လယ်သမားခြံသမားများအနေဖြင့် ယခုအချိန်တွင် လယ်ယာခြံမြေအခွင့်အရေးများနှင့်ပတ်သက်၍ တရားဥပဒေ၏ အသိမှတ်ပြုကာကွယ်မှုကိုမရရှိပါက အချိန်များစွာနောက်ကျနေပြီဖြစ်သည်။

## ၄-ခ) နိုင်ငံရေးပြောင်းလဲမှု

သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရအာဏာရလာပြီးနောက်ပိုင်း နိုင်ငံရေးဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်လာခဲ့သည့်အတွက် လယ်သမားများအနေဖြင့် ၎င်းတို့၏နစ်နာမှုများအတွက် ဆန္ဒဖော်ထုတ်ခွင့်ရလာကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကြောင့် ယုံကြည်မှု ပိုမိုရရှိလာကြပြီး လယ်ယာမြေအခွင့်အရေးအတွက် တရားဝင်နည်းလမ်းများဖြင့် တိုက်ပွဲဝင်လာနိုင်ကြသည်။

"ကျွန်တော်တို့ အသနားခံစာတင်ထားတယ်။ တခြားသူတွေလည်း သူတို့ခြံတွေအတွက် တိုက်ပွဲဝင်နေကြတယ်။ ကျွန်တော်တို့လည်း လုပ်ရမှာပေါ့ (ဦးခင်မောင် ခေါ် ဦးကျဲ - ၅၇ နှစ်၊ သံဖြူဇရပ်မြို့ နယ်)"

အသိပညာဗဟုသုတ နားမျက်စိပွင့်လာသော လယ်သမားများက ရှေ့နေများ၏ အကူအညီများမှတဆင့် သက်ဆိုင်ရာလွှတ်တော် အမတ်များကို လယ်ယာမြေအခွင့်အရေးအတွက် ဖိအားပေးလာနိုင်ခဲ့ကြသည်။ နိုင်ငံရေးလမ်းပွင့်လာမှုကြောင့် တစ်ချို့သော လွှတ်တော်အမတ်များကလည်း လယ်သမားအခွင့်အရေး တိုက်ပွဲတွင် ပူးပေါင်းပါဝင်လာကြသည်။ သံဖြူဇရပ်မြို့နယ်တွင် လယ်သမားတို့၏ အသနားခံစာများကို မြေယာစုံစမ်းရေးကော်မရှင်က လစ်လျူရှုလျက်ရှိရာ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ နိုင်တလချမ်းက လွှတ်တော်ဥက္ကဋ္ဌထံသို့ စာရေးသားပေးပို့ခြင်းဖြင့် မြေယာပိုင်ရှင်များနှင့် ထပ်တူရှိကြောင်း ပြသခဲ့သည်။

## ၄-ဂ) နှစ်နာသူများ နေရပ်ပြန်လာခြင်းနှင့် ပြည်သူလူထုက ထုတ်ဖော်ပြောဆိုလာခြင်း

လယ်မြေခြံမြေ လက်လွှတ်ဆုံးရှုံးခဲ့ရသဖြင့် နိုင်ငံအတွင်း တစ်ခြားအရပ်ဒေသသို့ ပြောင်းရွှေ့သွားရသူများရှိသကဲ့သို့ ထိုင်း၊ မလေးရှားစသည့် နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေရသူများလည်း ရှိခဲ့သည်။ ယခုအခါ ၎င်းနှစ်နာသူများသည် နေရပ်သို့ ပြန်လည်ရောက်ရှိလာကြပြီး ဆုံးရှုံးခဲ့သောလယ်မြေခြံမြေများကို ပြန်လည်တောင်းဆိုလာကြသည်။ နစ်နာသူပြည်သူများကလည်း နိုင်ငံရေးလမ်းပွင့်မှုကြောင့် သတ္တိရှိလာကြပြီး ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်လာကြသဖြင့် မြေယာသိမ်းယူမှုနှင့် ပတ်သက်သော အချက်အလက်အသစ်များ ထွက်ပေါ်လာခဲ့သည်။



## ၅-က) ၂၀၁၂ လယ်ယာမြေဥပဒေ၏ အကန့်သတ်ရှိမှုနှင့် အားနည်းချက်

### ၅-ကက) ၂၀၁၂ လယ်ယာမြေဥပဒေ၏ အားနည်းချက်

လယ်ယာမြေဥပဒေအရ လယ်မြေလုပ်ပိုင်ခွင့်ရှိသူအနေဖြင့် ၎င်း၏လယ်မြေကို ပိုင်ဆိုင်ခြင်း၊ ရောင်းချခြင်းနှင့် လွှဲပြောင်းခြင်း တရားဝင်ပြုလုပ်နိုင်သော်လည်း လယ်မြေအသုံးပြုခွင့်လက်မှတ်မရှိသူအနေဖြင့် ထိုသို့လုပ်ဆောင်၍ မရချေ။ လယ်မြေအသုံးပြုခွင့် လက်မှတ် လျှောက်ထားရာတွင်လည်း ရှင်းလင်းမှုမရှိခြင်း၊ ငွေကြေးကုန်ကျမှု များပြားခြင်းနှင့် လက်တွေ့ကျကျ လုပ်ဆောင်ရန် ခက်ခဲခြင်းများရှိနေသည်။ မြန်မာနိုင်ငံလယ်သမားများ၏ (၈၅) ရာခိုင်နှုန်းမှာ လယ်မြေအသုံးပြုခွင့်လက်မှတ်မရှိချေ။ အသုံးပြုခွင့်လက်မှတ်မရှိပါက လယ်မြေမှမောင်းထုတ်ခံရခြင်း၊ မတရားငွေကြေးပေးဆောင်ရခြင်းနှင့် လယ်မြေအသိမ်းခံရခြင်း စသည့် အန္တရာယ်များ ကြုံတွေ့လာနိုင်သည်။

တစ်ချို့မြေပိုင်ရှင်များတွင် မြေယာအသုံးပြုခွင့်လက်မှတ်ရှိထားသော်လည်း ပိုင်ဆိုင်မှုအားလုံးအတွက်မဟုတ်ချေ။ ပိုင်ဆိုင်မှုတစ်ဝက်အတွက်သာ မြေယာအသုံးပြုခွင့်လက်မှတ်ရရှိထားသော တူးမြောင်းကျေးရွာအုပ်စုမှ တောင်သူဦးကြီးများအတွက် မြေယာအသိမ်းခံရနိုင်ချေ အလွန်မြင့်မားလျက်ရှိသည်။

“၂၀၀၁ မှာ ခြံပိုင်ရှင် (၁၉) ဦးပိုင်ဆိုင်တဲ့ ခြံမြေ (၄၁၀.၃) ဧကကို အမှတ် (၅၈၆) ခြေမြန်တပ်ရင်းက သိမ်းလိုက်တယ်။ ခြံရှင်တွေက ရာဘာပဲစိုက်တယ်။ သိမ်းတဲ့အချိန်မှာ အစေးခြစ်လို့ရတဲ့အပင်ပေါင်း (၂၀,၀၀၀) လောက်ရှိတယ်။ ကျန်တာတွေက အပင်ငယ်သေးတော့ အစေးခြစ်လို့ မရသေးဘူး။ တစ်ခြားအပင်တွေလည်းရှိပါတယ်။ အသိမ်းခံရတဲ့အထဲမှာ ဧက (၂၀၀) လောက်ကတော့ အထောက်အထားစာရွက်တွေရှိတယ်။ ကျန်တဲ့ဧကတွေတော့ တရားဝင်စာရွက်စာတမ်း မရှိသေးဘူး။” (တူးမြောင်းကျေးရွာမှ ရာဘာခြံစိုက်ပျိုးသူ အသက် ၄၈ နှစ်အရွယ် ခြံရှင်တဦး)

လယ်မြေအသုံးပြုခွင့်လက်မှတ် လက်ဝယ်ပိုင်ဆိုင်ထားသော်လည်း နိုင်ငံတော်က လယ်မြေခြံမြေများကို အလွယ်တကူသိမ်းယူနိုင်ရန် ၂၀၁၂ လယ်ယာမြေဥပဒေက လမ်းဖွင့်ပေးထားသည်။ မြေယာသိမ်းယူမည်ဆိုပါက လိုက်နာရမည့်လုပ်ငန်းစဉ်ကို တိတိကျကျ ဖော်ပြထားခြင်းမရှိသည့်အပြင် မြေယာစီမံခန့်ခွဲခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသည်။

ဩဇာကြီးမားသော လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်၏ ဆုံးဖြတ်ချက်များကလည်း ပွင့်လင်းမြင်သာမှုမရှိသဖြင့် အကျင့်ပျက် ခြစားမှုများ၊ လယ်မြေပိုင်ဆိုင်မှုဆိုင်ရာ မလုံခြုံမှုများ၊ လူနေမှုဘဝကျပ်တည်းမှုများနှင့် လယ်ယာမြေသိမ်းယူမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

## ၅-ကခ) မိရိုးဖလာ လယ်ယာမြေဥပဒေကို အသိမှတ်မပြုခြင်း

၂၀၁၂ လယ်ယာမြေဥပဒေသည် မိရိုးဖလာလယ်ယာမြေပိုင်ဆိုင်မှုကို အသိမှတ်မပြုသဖြင့် သန်း (၂၀) ကျော်သော ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လယ်ယာမြေအခွင့်အရေးကို တရားဥပဒေအရ အကာအကွယ်ပေးထားခြင်း မရှိချေ။ အသစ်ပြဋ္ဌာန်းလိုက်သော ၂၀၁၂ လယ်ယာမြေဥပဒေကြောင့် ကျေးလက်နေတိုင်းရင်းသားပြည်သူများ၏ မြေယာလက်လွှတ်ရမှုနှုန်း ပိုမိုမြင့်မားလာဖွယ် ရှိလာခဲ့သည်။

မိရိုးဖလာလယ်ယာမြေပိုင်ဆိုင်မှုကိုအသိမှတ်မပြုသဖြင့် သာမန်လယ်သမားတို့၏မြေယာအခွင့်အရေးကို ပိတ်ပင်ငြင်းပယ် ထားသကဲ့သို့ဖြစ်နေသည်။ မည်သည့်မြေနေရာသည် မြေလွတ်မြေလပ်မြေရိုင်းဖြစ်သည်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏အမိန့်အရ မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲရေးကော်မတီက ဆုံးဖြတ်သဖြင့် မိရိုးဖလာစနစ်ဖြင့် လယ်ယာမြေပိုင်ဆိုင်ထားသော်လည်း လယ်ဆည်ဝန်ကြီးဌာနက မြေလွတ်မြေရိုင်းဟု သတ်မှတ်ခဲ့လျှင် အဆိုပါမြေယာကို လက်လွှတ်ဆုံးရှုံးရမည် ဖြစ်သည်။

မြေလွတ်မြေရိုင်းဥပဒေအရ မိရိုးဖလာစနစ်အရ ပိုင်ဆိုင်ထားသော်လည်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော မြေယာများကို မြေလွတ်မြေလပ် မြေရိုင်းအဖြစ် သတ်မှတ်ပြီး ၎င်းမြေယာပေါ်တွင် နေထိုင်လုပ်ကိုင်လျက်ရှိသော လယ်သမားကို နိုင်ငံတော်က ကျူးကျော်အဖြစ်သတ်မှတ်ကာ မောင်းထုတ်ပိုင်ခွင့်ရှိသည်။

"မွန်ပြည်နယ်မှာ မြေလွတ်မြေရိုင်းဆိုတာ မရှိပါဘူး။ ကျွန်တော်နေတဲ့နားက တောင်ကုန်းတောင်တန်းတွေ မှာတောင် ပိုင်ရှင်ရှိတယ်။ မြေတွေကို ပိုင်တော့ပိုင်တယ်၊ ဒါပေမယ့် မြေယာအသုံးပြုခွင့်အထောက်အထားမရှိဘူး။ တရားဝင် အထောက်အထား မရှိပေမယ့် ဘယ်မြေက ဘယ်သူပိုင်တယ်ဆိုတာ လူတိုင်းသိတယ်။ အချင်းချင်းတွေကြား မြေအရောင်းအဝယ် လုပ်တဲ့အခါကျတော့ ရွာဥက္ကဋ္ဌက မိရိုးဖလာနည်းအတိုင်း စာရွက်စာတမ်းတွေ လုပ်ပေးတယ်။"

"မြေလွတ်မြေရိုင်းဥပဒေနဲ့ ကျွန်တော်တို့မြေတွေကို တမင်တကာ လုယူတာပဲ။ ပြီးတော့ အစိုးရက ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုကိုလည်း အသိအမှတ်မပြုဘူး။ အစိုးရက မြေလွတ်မြေလပ်တွေဆို

ပြီးတော့ နှစ်ပေါင်းများစွာ သတ်မှတ်ထားတဲ့မြေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်နေတဲ့ ရွာသားတွေအတွက် ဒီဥပဒေက အလွန်အန္တရာယ်ကြီးပါတယ်။ နေဝင်းအစိုးရလက်ထက်ကတည်းက ကျွန်တော်တို့ မြေတွေအတွက် တရားဝင်အထောက်အထားလုပ်ဖို့ ကြိုးစားခဲ့ပေမယ့် တစ်ခါမှ အဆင်မပြေခဲ့ဘူး။ ကျွန်တော်တို့ကတော့ မြေစာရေးကို မြေခွန်တွေ ပေးနေရတယ်။ မြေစာရင်းဌာနနဲ့ အစိုးရကတော့ သူတို့သဘောနဲ့ သူတို့လုပ်ချင်ရာလုပ်နေတာပဲ။" (ဦးလူကြမ်း - ၅၅ နှစ်၊ အနန်းကွင်းကျေးရွာ)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာတွင် အမှတ်(၄)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းက ၂၀၀၅ မှ ၂၀၀၈ ခုနှစ်အတွင်း ဒေသခံလယ်သမားများ၏ ရာဘာခြံမြေများကို မြေလွတ်မြေရိုင်းအဖြစ်သတ်မှတ်ကာ သိမ်းယူခဲ့ပြီး ခြံရှင်တောင်သူများကို ခြံမြေများမှ မောင်းထုတ်ခဲ့သည်။ ၎င်းမြေယာများကို နောင်နှစ်ပေါင်း (၃၀) အထိ တရားဝင်သိမ်းယူထားသည်ဟု လေ့ကျင့်ရေးကျောင်းတပ်မှူးက မြေပိုင်ရှင်များကို ခြိမ်းခြောက်ပြောဆိုခဲ့သည်။

## ၅-က၈) လွတ်လပ်ပြီး အမှီအခိုကင်းမှု မရှိခြင်း

၂၀၁၂ လယ်ယာမြေဥပဒေက မြေယာစီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပြုထားသော် လည်း အားလုံးကိုဗဟိုက ထိန်းချုပ်ထားသည့်အပြင် အောက်ခြေပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုလည်း ခွင့်မပြုထားချေ။ သြဇာကြီးမားပြီး ဆုံးဖြတ်ပိုင်ခွင့်ရှိသော လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်နှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲမှု ဗဟိုကော်မတီများသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီး လယ်ဆည်ဝန်ကြီးဌာနသည်လည်း စစ်တပ်၏ သြဇာခံဖြစ်လျက်ရှိနေသည်။ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှုတွင် အကြွင်းမဲ့အာဏာရရှိထားသော ၎င်းအဖွဲ့နှစ်ခု သည် စစ်တပ်၏ အကျိုးစီးပွားကို ကာကွယ်ပေးနေရသည်။

မညီမျှမှုများ၊ ခွဲခြားမှုများ မြောက်မြားစွာဖြစ်ပေါ်နေသောမြန်မာနိုင်ငံတွင် မြေယာကိစ္စအတွက် ၎င်းအဖွဲ့နှစ်ခုကို အကြွင်းမဲ့အာဏာပေးအပ်ထားသည်မှာ မေးခွန်းထုတ်စရာဖြစ်နေပြီး မြေယာအငြင်းပွားမှုများကို ၎င်းအဖွဲ့နှစ်ခုက ဘက်လိုက်ခြင်းကင်းစွာဖြင့် ဖြေရှင်းဆုံးဖြတ်နိုင်မည် မဟုတ်ချေ။

ရပ်ကျေးအဆင့်ကိုကြည့်လျှင်လည်း အုပ်ချုပ်ရေးမှူးများက လယ်သမားများ၏အခက်အခဲများကို ကူညီပေးလိုခြင်းမရှိချေ။ ဦးဒူနှင့် ဒေါ်ကလီဇာပိုင်ဆိုင်သော မြေများကို မီးရထားလမ်းဖောက်လုပ် ခြင်းအတွက်

၁၉၉၂ တွင် သိမ်းယူခဲ့သည်။ ၎င်းကိစ္စအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးကို အကူအညီတောင်းခံခဲ့သော်လည်း ကာကွယ်မှုတစ်စုံတရာ ပေးအပ်ခဲ့ခြင်း မရှိချေ။

"ကျွန်တော့်မြေတစ်ကေခွဲက မီးရထားလမ်းဖောက်တဲ့အထဲမှာ မပါဘူး။ စီမံကိန်းဧရိယာနဲ့ကော မီးရထားနဲ့ဆိုင်တဲ့ ကိစ္စတွေနဲ့ပါ လုံးဝသပ်သပ်စီ ဖြစ်နေတာ။ ၂၀၁၂ ဖေဖော်ဝါရီမှာ ကျွန်တော့်မြေကို ကျွန်တော်ခြံခတ်တယ်။ ချောင်းတောင်ရွာဥက္ကဋ္ဌက လာပြီးတော့ နုတ်မိန့်နဲ့ တားတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဆွေးနွေးဖို့ ကျွန်တော်က သူ့ကိုပြောတယ်။ အုပ်ချုပ်ရေးမှူးက ဖြေရှင်းပေးမယ်လို့ ကတိပေးပေမယ့် လက်တွေ့မှာတော့ ဘာတာဝန်ယူမှုမှ မရှိဘူး" (ဦးဒူ၊ ချောင်းတောင်ကျေးရွာ)

## ၅-ကဃ) နိုင်ငံတော်၏ မြေယာအသုံးချမှုဝါဒအပေါ် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှု

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှတဆင့် မြေယာပြဿနာများကိုဖြေရှင်းရန် တိုင်းရင်းသားများက ကြိုးပမ်းခဲ့သော်လည်း ၂၀၁၄ အောက်တိုဘာ (၁၈) တွင် အမျိုးသားမြေယာအသုံးချမှုမူဝါဒမူကြမ်းကို အစိုးရက တစ်ဖက်သတ် ထုတ်ပြန်ခဲ့သည်။ ၎င်းမူဝါဒကို ဝေဖန်ဆွေးနွေးရန် ခွင့်ပြုထားသော်လည်း အချိန် (၃) ပတ်သာ ပေးအပ်ထားသဖြင့် လုံလောက်မှုမရှိချေ။

၂၀၁၄ ခုနှစ်အောက်တိုဘာတွင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် တောင်သူလယ်သမား ကွန်ရက်များ အဖွဲ့ (၃၀) ကျော်ပါဝင်သော မိရိုးဖလာမြေယာကာကွယ်ရေးကော်မတီကို ဖွဲ့စည်းကာ အစိုးရ၏အမျိုးသားမြေယာအသုံးချမှုမူဝါဒကို (တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ - Ethnic Community Development Forum) တွင် ဝေဖန်ဆွေးနွေးခဲ့သည်။

အစိုးရ၏ အမျိုးသားမြေယာအသုံးချမှုမူဝါဒမူကြမ်းသည် တိုင်းရင်းသားပြည်သူများ၏ နစ်နာမှု၊ သဘောထားအမြင်နှင့် စိုးရိမ်မှုများကို လစ်လျူရှုထားသည့်အပြင် ဒီမိုကရေစီနည်းကျစွာ ရေးဆွဲထားသောမူကြမ်းလည်း မဟုတ်ချေ။ မူဝါဒမူကြမ်းသည် အောက်ခြေ လယ်သမားများထက် အခွင့်ထူးခံရင်း နှီးမြှုပ်နှံသူများကို ပိုမို၍ အခွင့်အရေးပေးအပ်ထားသည်။

မြေယာအသုံးချမှုမူကြမ်းသည် လက်ရှိမြေယာပဋိပက္ခကို ဖြေရှင်းပေးနိုင်ခြင်း မရှိသည့်အပြင် ၎င်းမူကြမ်းကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကိုပါ ထိခိုက်စေနိုင်သည်။

## ၅-ခ) အစိုးရအဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ အားနည်းချက်များ

### ၅-ခက) တိုင်ကြားမှုအစီအစဉ် မရှင်းလင်းခြင်း

မြေယာအငြင်းပွားမှုအတွက် တိုင်ကြားမှုပြုလုပ်လိုပါက မည်သည့်အဖွဲ့အစည်းထံသို့ သွားရောက်၍ မည်သို့လုပ်ဆောင်ရမည်ကို လယ်သမားများက ရှင်းရှင်းလင်းလင်း သိရှိထားခြင်း မရှိသေးသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ရေဖြူမြို့နယ်တွင် နိုင်ကျော်စိုး၏ခြံမြေကို အမှတ် (၄၃) ရေတပ်ကသိမ်းယူခဲ့ရာ ၎င်းက ရွာဦးဆရာတော်မှတဆင့် ရေတပ်တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ သိမ်းယူထားသော ခြံမြေကိစ္စနှင့် ပတ်သက်၍ သိရှိလိုပါက မော်လမြိုင်အခြေစိုက် မောရဝတီရေတပ်စခန်းကို သွားရောက်မေးမြန်းရန်လိုကြောင်း ၎င်းရေတပ်က အကြောင်းပြန်ခဲ့သည်။

နစ်နာသူလယ်သမားများက မွန်ဒီမိုကရေစီပါတီနှင့် အခြားမွန်အဖွဲ့အစည်းများ၊ လွှတ်တော်နှင့် မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်ထံသို့ တတ်နိုင်သမျှ စာပေးပို့အသနားခံထားသော်လည်း တုံ့ပြန်ဖြေရှင်းမှု တစ်စုံတရာမရှိချေ။

“ဒီမြေကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုအကြောင်းကြားရမလဲမသိတော့ မွန်ဒီမိုကရေစီပါတီနဲ့ တခြားမွန်အဖွဲ့တွေကို စာရေးပြီး တင်ပြလိုက်တယ်။ နေပြည်တော်ကိုလည်း ကျွန်တော်တို့ကိုယ်တိုင် အသနားခံစာတင်ထားတယ်။ ဒါပေမယ့် ဘာအကြောင်းပြန်ချက်မှ မရခဲ့ဘူး” (ဦးခင်မောင် - ၅၇ နှစ်၊ သံဖြူဇရပ်မြို့နယ်)

တစ်ချို့တိုင်ကြားမှုများတွင် ကံကောင်းထောက်မ၍ တုံ့ပြန်မှု ရရှိခဲ့သော်လည်း လက်တွေ့ကျသော ဖြေရှင်းမှုများ မဟုတ်ချေ။

“မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနဲ့ နေပြည်တော်ကို ကျွန်တော်အသနားခံစာတင်လိုက်တယ်။ သိမ်းထားတဲ့မြေအားလုံး ပြန်ရမယ်လို့ အကြောင်းပြန်လာတယ်။ ဒါပေမယ့် ကျွန်တော်တို့ခြံကို အခုထိ ပြန်မရသေးဘူး။ ဘာမှမဖြေရှင်းပေးတော့ ကျွန်တော်တို့က အခက်ကြုံနေရတာပေါ့” (ဦးခင်မြင့် ၅၀ နှစ်၊ သံဖြူဇရပ်မြို့နယ်ဇာတိ)

မြေယာကိစ္စ ဖြေရှင်းရာတွင် တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိသော်လည်း တာဝန်ရှိသူများ အနေဖြင့် တရားဥပဒေအတိုင်း မလုပ်ဆောင်နိုင်ဘဲ မြေယာသိမ်းယူမှု အများဆုံးကျူးလွန်ထားသော စစ်တပ်၏ အကျိုးစီးပွားကို ထောက်ထားနေရသဖြင့် ပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိချေ။

## ၅-ခခ) စစ်တပ်ပါဝင်ပတ်သက်နေသော မြေယာပဋိပက္ခများကို အာဏာပိုင်များက ဖြေရှင်းနိုင်ခြင်း မရှိခြင်း

မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့ပြီဟုဆိုသော်လည်း တရားဥပဒေအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စစ်တပ်၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေရဆဲ ဖြစ်သည်။ မြေယာပဋိပက္ခ ဖြေရှင်းမှုတွင် တာဝန်ယူနေရသောအာဏာပိုင်များကလည်း စစ်တပ်ကိုဆန့်ကျင်နိုင်စွမ်း မရှိချေ။

လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဖွဲ့စည်းပြီး နှစ်လအကြာတွင် တိုင်စာပေါင်း (၁၇၀၀) ကို လက်ခံရရှိခဲ့ပြီး အများစုမှာ မြေယာပဋိပက္ခတိုင်စာများ ဖြစ်သည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ၂၀၁၃ မတ်လ အစီရင်ခံစာတွင်လည်း စစ်တပ်အနေဖြင့် ၁၉၈၈ ခုနှစ်မှစ၍ မြေယာဧကပေါင်း (၂၄၇,၀၇၇) ကို တရားဥပဒေအား ဆန့်ကျင်ပြီး အဓမ္မသိမ်းယူထားကြောင်း ဖော်ပြထားသည်။

မြေယာပဋိပက္ခကို စုံစမ်းစစ်ဆေးနိုင်သော်လည်း လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအပါအဝင် လွှတ်တော်မှ ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များကလည်း စစ်တပ်က ကျူးလွန်ထားသော မြေသိမ်းယူမှုများကို ကိုင်တွယ်နိုင်စွမ်း မရှိချေ။ စစ်တပ်အနေဖြင့် အသုံးပြုခြင်းမရှိသော မြေယာများကို ပြန်လည်ပေးအပ်ရမည်ဟု လယ်ယာမြေဥပဒေက ညွှန်ကြားထားသော်လည်း လက်တွေ့အကောင်ထည်ပေါ်ခြင်း မရှိချေ။

သံဖြူဇရပ်ရှိ ရာဘာခြံပိုင်ရှင်များက မွန်ပြည်နယ်မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်မှတဆင့် နေပြည်တော်သမ္မတရုံးထံသို့ အသနားခံစာ အကြိမ်ကြိမ်ပေးပို့တင်ပြသော်လည်း အခါခါငြင်းပယ်ခြင်း ခံခဲ့ရသည်။

၂၀၁၄ မေလတွင် လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းနှင့် တွေ့ဆုံချိန်တွင် အမှတ် (၆၂) နှင့် (၃၂) ခြေမြန်တပ်ရင်းနှင့် အမှတ် (၃၁၅) အမြောက်တပ်ရင်းတို့၏ မြေယာသိမ်းယူမှုများကို နေပြည်တော်သို့ စာပေး

ပို့တင်ပြထားကြောင်း ဒေသခံလယ်သမားများက ပြောဆိုရာတွင် နေပြည်တော်အနေဖြင့် သံဖြူဇရပ်မှ မည်သည့်အသနားခံစာကိုမျှ လက်ခံရရှိခြင်းမရှိကြောင်း သူရရွှေမန်းက ဖြေကြားခဲ့သည်။

နစ်နာသူများ၏တိုင်ကြားမှုကို အာဏာပိုင်များကလစ်လျူရှုထားခြင်း၊ မြေယာပဋိပက္ခဖြေရှင်းရန်ခန့်အပ်ထားသော တာဝန်ရှိသူများက စစ်တပ်ကို ဆန့်ကျင်နိုင်ခြင်းမရှိခြင်းနှင့် မြေယာကော်မရှင်များတွင် ဩဇာဏာအာမရှိခြင်းတို့ကြောင့် မြေယာပဋိပက္ခဖြေရှင်းမှုစနစ်မှာ ပျက်စီးလျက်ရှိနေသည်။

၅-ခဂ) အာဏာပိုင်များက ဆန္ဒဖော်ထုတ်သူများနှင့် မြေယာအရေးတက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ခြင်း

မြေယာလက်လွှတ်လိုက်ရသဖြင့် ဘဝရပ်တည်ရေးခက်ခဲနေသော လယ်သမားများနှင့် မြေယာအရေးတွင် အကူအညီပေးနေသော တက်ကြွလှုပ်ရှားသူများကို အစိုးရအာဏာပိုင်များက ဖိနှိပ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ထောင်ချခြင်းများဖြင့် အရေးယူနေသော်လည်း မြေယာသိမ်းယူသော စစ်တပ်ကိုမူ အကာအကွယ်ပေးထားဆဲဖြစ်သည်။

၅-ခဃ) အကျင့်ပျက်ခြစားခြင်း

စစ်ဘက်ဆိုင်ရာ အာဏာပိုင်များနှင့် အစိုးရတာဝန်ရှိသူများအကြား လာဘ်ပေးလာဘ်ယူကိစ္စများဖြင့် အချင်းချင်းလက်တွဲကာ လယ်သမားများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့သည်။

"ဒီနှစ်မှာ ရာဘာပင်တစ်ပင်အတွက် ကုန်ကျစရိတ်က တော်တော်လေးများခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ခြံမှာ အလုပ်လုပ်နိုင်ဖို့ ပုဂ္ဂလိကကုမ္ပဏီဆီကနေ အလုပ်လုပ်ခွင့် ဝယ်ယူခဲ့ရတယ်။ အဲလိုဝယ်နိုင်ဖို့ (စစ်ဆင်ရေးကွပ်ကဲရေးနှင့် ကြီးကြပ်ရေးဌာနချုပ်) စကခ (၁၉) ကို အသနားခံခဲ့ရသေးတယ်။ အမှတ် (၅၈၆) ခြေမြန်တပ်ရင်းက သိမ်းထားတဲ့ခြံမြေမှာ အလုပ်လုပ်ခွင့်ကို ပုဂ္ဂလိကကုမ္ပဏီကို ပေး(ရောင်း)လိုက်တယ်။ ကျွန်မတို့က စကခ (၁၉) ထောက်ခံချက်နဲ့ အဲကုမ္ပဏီကတဆင့် ထပ်ဝယ်ရတယ်။ ကျွန်မတို့က နှစ်ခါပေးရတယ်။ ပထမ ကျပ်သိန်းသုံးဆယ်၊ ဒုတိယ ကျပ် (၂၅) သိန်း။ ဒီနှစ်အတွက် (၅၈) သိန်းနဲ့ (၂) သောင်း ပေးပြီးပြီ။ ကျွန်မတို့က ရာဘာတစ်ပင်ကို ကျပ်တစ်ထောင့်ငါးရာနှုန်း ပေးနေရတာကို လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင်က သိလို့ လာစုံ စမ်းတယ်။ (ကော်မရှင်) ခေါင်းဆောင်က တစ်ပင်ကို ကိုးရာကျပ်ပဲ ပေးရတယ်လို့ ကျွန်မကို ထွက်ဆို ခိုင်းတယ်။ ကျွန်မဘယ်တော့မှ လိမ်မပြောဘူး။ ကျွန်မတို့က ပိုက်ဆံလည်း ပေးရတယ်၊ အတင်းလည်း လိမ်ပြောခိုင်းတယ်" (ဒေါ်ငွေပင်၊ ရေးမြို့သူ)

## ၅-ဂ) သီးခြားစီမံအုပ်ချုပ်ခွင့်ရနေသော စစ်တပ်

### ၅-ဂက) တရားဥပဒေစိုးမိုးရေးပြင်ပက စစ်တပ်

စစ်အစိုးရလက်ထက်မှ အယောင်ပြအရပ်သားအစိုးရလက်ထက်အထိ သာမန်လယ်သမားတို့၏ အားနည်းချက်နှင့် အကာအကွယ်မဲ့မှုကို အခွင့်ကောင်းယူ၍ စစ်တပ်က ကိုယ်ကျိုးစီးပွားအတွက် မြေဧကမြောက်မြားစွာကို နိုင်ငံတော်ဟုအမည်ခံကာ သိမ်းယူခဲ့သည်။

"၂၀၀၈ အောက်တိုဘာမှာ အမှတ် (၄၃) ရေတပ်က တပ်ကြပ်ကြီး မျိုးမြင့်ဦးက ကျွန်တော့်ခြံမှာ တပ်ပိုင်မြေဆိုပြီး ဆိုင်းဘုတ်လာစိုက်တယ်။ သမီးအကြီးဆုံး မိအေးဝင်း ကတွေ့လို့ ကျွန်တော့်ကို လာပြောတယ်။ မြေဧက (၂၀၀)၊ ပိုင်ရှင်အယောက် (၃၀) လောက် ဆိုင်းဘုတ်အစိုက်ခံရတယ်။ အများစုက ရာဘာခြံတွေ၊ အဲတုန်းက တစ်ဧကကို ကျပ် (၂၉) သိန်းလောက် ပေါက်ဈေးရှိတယ်။ အစေးခြစ်လို့ရတဲ့ ကျွန်တော်ခြံလိုမျိုးဆိုရင် သိန်း (၃၀) အထက်မှာ ရှိတယ်" (နိုင်ကျော်စိုး ခေါ် နိုင်ပြား - ကျွဲသုံးညီမ ကျေးရွာ၊ ရေဖြူမြို့နယ်)

စစ်တပ်သည် အစိုးရ၏အုပ်ချုပ်မှုအောက်မှ ကင်းလွတ်လျက်ရှိကာ နိုင်ငံတော်စီမံကိန်းများကို အကြောင်းပြ၍ စီးပွားရေးကုမ္ပဏီများအတွက် မြေယာများသိမ်းယူကာ ငွေကြေးအကျိုးအမြတ် ရှာဖွေလျက်ရှိသည်။

"အသိမ်းခံရတဲ့ ကျွန်တော်တို့ခြံတွေဆိုရင် အမှတ် (၁၄၃) တပ်ရင်းနဲ့ တော်တော်ဝေးတဲ့နေရာမှာ ရှိနေတာ။ ကျွန်တော်တို့ကို အနိုင်ကျင့်ချင်လို့ ခြံတွေကို သိမ်းလိုက်တာ။ ကျွန်တော်တို့ခြံနဲ့ သူတို့တပ်ရင်းနဲ့ ဘာမှဆက်စပ်မှုမရှိဘူး" (ဦးဘစံ - ၈၀ နှစ်၊ ကွန်းဒူကျေးရွာ၊ ရေးမြို့နယ်)

လယ်ယာမြေသိမ်းယူမှု စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ စစ်တပ်က တစ်နိုင်ငံလုံးတွင် မြေဧက (၂၅၀,၀၀၀) သိမ်းယူထားပြီး ပုဂ္ဂလိကကုမ္ပဏီများကို ပြန်လည်ရောင်းချရန် လိုအပ်သည်ထက် ပိုမို၍ သိမ်းယူထားခြင်းလည်း ဖြစ်သည်။

"၂၀၀၁ မှာ အမှတ် (၅၈၃) ခြေမြန်တပ်ရင်းက ကျွန်တော့်ခြံကိုလာပြီး အလံတွေစိုက်တယ်။ ရာဘာပင် (၁၂၀၀)၊ ကွမ်းသီးပင် (၈၀၀) လောက်နဲ့ ကျွန်တော့်ခြံတစ်ဝက်ကျော်ပါသွားတယ်။ ကျွန်တော်သိသလောက်တော့ စစ်တပ်က ကျွန်တော့်ခြံကို သံဖြူဇရပ်က ကုမ္ပဏီတစ်ခုကို ရောင်းလိုက်တယ်" (ဦးအောင်မြင့်စိုး၊ ကျောင်းရွာကျေးရွာ၊ ရေးမြို့နယ်)

မြေယာသိမ်းယူမှုအားလုံးအတွက် လျော်ကြေးပေးရန်အတွက်မူ စဉ်းစားနေဆဲအဆင့်သာ ရှိသေးသည် ဟု စစ်တပ်က တုံ့ပြန်ဖြေကြား ထားသည်။

၅-ဂခ) သီးခြားတရားစီရင်ပိုင်ခွင့်

မြန်မာနိုင်ငံတွင် စစ်တပ်သည် သြဇာအကြီးမားဆုံး ဖြစ်သကဲ့သို့ အရပ်ဘက်အုပ်ချုပ်မှုမှ ကင်းလွတ်နေသောအဖွဲ့အစည်း လည်းဖြစ်သည်။ တရားသူကြီးချုပ်အပါအဝင် ရာထူးကြီးတရားရေးဝန်ထမ်းများကို စစ်တပ်သြဇာခံ သမ္မတက ရွေးကောက်ထားပြီး ၎င်းတို့၏ ရာထူးတည်မြဲမှုသည် စစ်တပ်အပေါ်တွင် တည်မှီနေသဖြင့် စစ်တပ်၏ အကျိုးစီးပွားကို ဆန့်ကျင်၍ လုပ်ဆောင်လိုခြင်း မရှိချေ။

၎င်းအပြင် ၂၀၀၈ အခြေခံဥပဒေကလည်း စစ်တပ်ကျူးလွန်သမျှ ပြစ်မှုများကို သီးခြားစီရင်ခွင့်ပေး အပ်ထားသဖြင့် စစ်တပ်အား အဆုံးမဲ့အာဏာ ပေးအပ်ထားသကဲ့သို့ဖြစ်သည်။ စစ်တပ်သည် တရားဥပဒေစိုးမိုးမှုပြင်ပတွင် တည်ရှိနေသောကြောင့် စစ်တပ်က သိမ်းယူထားသောမြေယာပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် မဖြစ်နိုင်ချေ။

“သံပုရာတွေကို တစ်နှစ်လောက်တော့ ခူးလိုက်ရသေးတယ်။ နောက်တော့ တပ်ကလာသိမ်းသွားတယ်။ ခြံကိုအလံတွေစိုက်ပြီး မြေစာရင်းဌာနက အာဏာပိုင်တွေ အရာရှိတွေက မြေလာတိုင်းတယ်။ ကျွန်မကလေးတွေက ခြံထဲမှာနေတော့ အမေရေ ခြံကိုတော့ စစ်တပ်က သိမ်းလိုက်ပြီဆိုပြီး လာပြောတယ်။ ငါတို့မှာ ဘာအာဏာမှ မရှိတာ၊ သူတို့လုပ်ချင်သလို လုပ်ပါစေဆိုပြီး ကျွန်မက ပြန်ပြောလိုက်တယ်” (ဒေါ်ခင်မေ၊ အင်္ဂဏ္ဍဝါရပ်ကွက်၊ ရေးမြို့)

စစ်တပ်၏ ပြစ်မှုအားလုံးအတွက် ကာကွယ်ရေးဦးစီးချုပ်၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်ဟု ၂၀၀၈ အခြေခံဥပဒေက ပြဋ္ဌာန်းထားသဖြင့် စစ်တပ်က တရားစီရင်ရေးစနစ်ကို စိတ်ကြိုက်လုပ်ဆောင်နိုင်သည်။

## ၅-ဃ) နိုင်ငံတော်အဆင့် ပညာပေးလှုံ့ဆော်မှု မရှိခြင်း

### ၅-ဃက) မွန်ပြည်နယ်အစိုးရ

မြေယာပဋိပက္ခသည် နာတာရှည်စွဲကပ်လာသော ပြဿနာဖြစ်၍ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုအစိုးရက ကိုင်တွယ်ဖြေရှင်းရန် လိုသည်။ မွန်ပြည်နယ်အစိုးရအနေဖြင့် မြေယာပြဿနာကို ကိုင်တွယ်ဖြေ

ရှင်းရန် အစပျိုးမှုများလုပ်ဆောင်ခဲ့သော်လည်း လုံလောက်သော ပညာပေးလှုံ့ဆော်မှုနှင့် အခွင့်အရေး ကာကွယ်ပေးမှုများ ပြုလုပ်နိုင်ခြင်း မရှိချေ။

ဗဟိုချုပ်ကိုင်မှုစနစ်ကြောင့် မြေယာပြဿနာနှင့်ပတ်သက်၍ မွန်ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာမှာ အကန့်အသတ်ဖြင့်သာ ရှိနေသည်။

၂၀၁၄ ဖွန်လတွင် အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းက သိမ်းယူထားသောမြေယာကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် မွန်ပြည်နယ်မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်က ငြင်းဆန်ခဲ့ကြောင်း သံဖြူဇရပ်မြို့နယ် ဝဲကလိဒေသခံလယ်သမားများက ပြောဆိုခဲ့သည်။

## ၅-ဃ၈) ကာကွယ်ရေးဝန်ကြီးဌာန

အမှတ် (၃၁၅) အမြောက်တပ်ရင်း၊ အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ အမှတ် (၅၈၆) (၅၈၇) နှင့် (၃၄၃) ခြေမြန်တပ်ရင်းအားလုံးသည် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်တွင် တည်ရှိနေသောကြောင့် ၎င်းတို့၏ ကျူးလွန်မှုများအတွက် ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဖြေရှင်းသင့်သည်။ ၎င်းအပြင် မလိုအပ်ဘဲသိမ်းယူထားသော မြေယာများကို ကာကွယ်ရေးဝန်ကြီးဌာနက လက်လွှတ်ရန်လည်း လိုအပ်သည်။ လက်တွေ့တွင် စစ်တပ်က သိမ်းယူထားသော မြေဧက (၂၅၀,၀၀၀) ကျော်မှ ဧက (၁၈၀၀၀) ကိုသာ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဝေလွင်က ၂၀၁၃ ဇူလိုင်လတွင် ပြောကြားခဲ့သည်။

စစ်တပ်ကျူးလွန်ထားသော မြေယာပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပါက အမျိုးသားပြန်လည်ရင် ကြားစေ့ရေးကို ထိခိုက်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက လက်ခံရန် လိုအပ်သည်။

## ၅-ဃ၉) လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်များ

လယ်မြေပြဿနာများနှင့်ပတ်သက်၍ လယ်သမားများအနေဖြင့် ယခင်ကထက် မျက်စိနား ပိုမိုပွင့်လင်းလာသည်ဟု ပြောနိုင်သော်လည်း ပညာပေးလှုံ့ဆော်မှုများ၊ အကာအကွယ်ပေးမှုများ အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်နေသေးသည်။ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် လယ်သမားများကိုစွမ်း ရည်မြှင့်တင်ပေးရန်နှင့် လိုအပ်သောအရင်းအမြစ်များ ဖြည့်ဆည်းပေးရန် လုပ်ဆောင် ရမည်ဖြစ်သည်။

လယ်သမားများ၏တရားမျှတမှုပြန်လည်ရှာဖွေရေးဖြစ်စဉ်တွင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ကူညီထောက်ပံ့မှုများ လုံလောက်မှု မရှိသေးချေ။

သံဖြူဇရပ်မြို့နယ်မှ အသက် (၆၂) အရွယ်ရှိ အငြိမ်းစားဝန်ထမ်း ဦးငြိမ်းအပါအဝင် မွန်လယ်သမားများ က လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် တရားမျှတမှုအတွက် နစ်နာသူလယ်သမားများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောဆိုကြသည်။

“လယ်သမားအခွင့်အရေးအတွက် တိုက်ပွဲဝင်မယ်ဆိုရင် ကျွန်တော်တို့မှာ တက်ကြွလှုပ်ရှားသူတွေ ပညာရှင်တွေ နောက်ပြီးတော့ စွမ်းရည်တွေ အများကြီးလိုသေးတယ်။ တရားဥပဒေနဲ့ မရင်းနှီးဘူးဆိုရင် မြေယာဥပဒေတွေက တော်တော်ရှုပ်ထွေးတယ်။ ဒါကြောင့်မို့ မွန်ပြည်နယ်က လူထုအခြေပြုအဖွဲ့အစည်းများက ကူညီပေးပါလို့ တောင်းဆိုချင်ပါတယ်” (နိုင်ကျော်နိုင်၊ သံဖြူဇရပ်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာမှ ဦးခင်မောင်ခေါ် ဦးကျဲက ၎င်း၏ရာဘာခြံကို ၂၀၀၄ ခုနှစ်မှ ကိုးနှစ်တိုင်တိုင် ပြုစုပျိုးထောင်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် အမှတ် (၃၁၅) အမြောက်တပ်ရင်းက နိုင်ငံတော်ပိုင်မြေဟုဆိုကာ သိမ်းယူခဲ့သည်။ ခြံမြေစွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သော သမီးဖြစ်သူမိချိုကိုလည်း စစ်တပ်က ထိန်းသိမ်းခဲ့သည်။ သိမ်းယူပြီးနောက် အခကြေးငွေရယူကာ သီးစားပြန်လည်ချပေးခဲ့သော်လည်း (၅) နှစ်အကြာ ၂၀၀၈ တွင် လုပ်ကိုင်ခွင့်မပေးဘဲ လုံးဝသိမ်းယူလိုက်သည်။ နေပြည်တော်ရှိ အစိုးရဌာနများအပါအဝင် မွန်အဖွဲ့အစည်းများကို အသနားခံစာရေးသားပေးပို့ခဲ့သော် လည်း တုံ့ပြန်မှုတစ်စုံတရာ ရရှိခဲ့ခြင်း မရှိချေ။

## ၆-က) ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာ သဘောတူညီမှု ရယူခြင်း မရှိခြင်း

ဦးကျဲ၏ ဖြစ်စဉ်ကို လေ့လာပါက အမှတ် (၃၁၅) အမြောက်တပ်ရင်းအနေဖြင့် ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာ သဘောတူညီမှု ရယူခြင်း မရှိဘဲ ခြံမြေကို သိမ်းယူခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်ကို ကြည့်ခြင်းအားဖြင့် စစ်တပ်အနေဖြင့် နိုင်ငံတော်စီမံကိန်းအတွက် သိမ်းယူခြင်းမဟုတ်ကြောင်း သိသာပါသည်။ သိမ်းယူပြီးနောက် ငွေကြေးကောက်ခံပြီး သီးစားပြန်လည်ချပေးခြင်းသည်လည်း ၂၀၁၂ လယ်ယာမြေဥပဒေနှင့် ကိုက်ညီမှုမရှိချေ။

## ၆-ခ) နိုင်ငံသားအခွင့်အရေးကို ချိုးဖောက်ခြင်း

၂၀၀၄ မှ ၂၀၀၈ ခုနှစ်အထိ အမှတ် (၃၁၅) အမြောက်တပ်ရင်းက ပငဒေသခံများအပေါ် မတရားငွေကြေးကောက်ခံခြင်းနှင့် ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့သည်။ စားဝတ်နေရေးသည် ရာဘာခြံများပေါ်တွင်သာ တည်မှီနေသောကြောင့် ပလေယ်သမားများအနေဖြင့် ရွေးချယ်စရာမရှိဘဲ ခြံမြေကို စစ်တပ်လက်ထဲသို့ ထိုးအပ်ခဲ့ရပြီး ငွေကြေးပေးဆောင်ကာ သီးစား ပြန်လည်လုပ်ကိုင်ခဲ့ရသည်။

"(စစ်တပ်ကို သီးစားခပေးဖို့) ကျွန်တော်တို့ သဘောတူခဲ့ပါတယ်။ ကျွန်တော်တို့ ရာဘာခြံမှာ အလုပ်လုပ်ရမယ်ဆိုရင် အဲလောက်ပေးရတာကို ဂရုမစိုက်ပါဘူး။ အဲတုန်းက တစ်ပင်ကို (၁၂၀) ကျပ်နှုန်းပေးရတယ်။ အဲလိုမပေးနိုင်ရင် ခြံထဲမှာ အလုပ်လုပ်လို့ မရဘူးလေ။" (ဦးကျဲ၊ ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်။)

သိမ်းယူပြီး နှစ်နှစ်အကြာတွင် ပငရွာသားများနှင့် တိုင်ပင်ဆွေးနွေးခြင်း မရှိဘဲ စစ်တပ်က သီးစားခကို (၅၀) ရာခိုင်နှုန်း တိုးမြှင့်လိုက် ပြီး သိမ်းယူပြီး (၅) နှစ်မြောက်တွင် သီးစားခကို (၂) ဆ တိုးမြှင့်ခဲ့သည်။

"စစ်တပ်က ရည်ရွယ်ချက်ရှိရှိလုပ်တာပဲ။ ကျွန်တော်တို့ မပေးနိုင်တဲ့ဈေးကို တောင်းတယ်။ အဲတော့ ကျွန်တော်တို့ကို ခြံကနေ မောင်းထုတ်ဖို့ လုပ်တယ်လို့ပဲ ကျွန်တော်မြင်တယ်" (ဦးကျဲ)

မိရိုးဖလာအပါအဝင် မြေယာစွန့်လွှတ်ကြောင်း လက်မှတ်ထိုးခြင်းမရှိသော ပငဒေသခံများကို အပြစ်တစ်စုံတရာမရှိဘဲ စစ်တပ်က ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။

"စစ်တပ်က ကျွန်တော့်သမီးနဲ့ တခြားရွာသားတွေကို အမိန့်ပေးတယ်။ ခြံမြေတော့ သိမ်းလိုက်ပြီ၊ ပိုင်ရှင်တွေ လက်မှတ်ထိုးဖို့ လိုတယ်လို့ သူတို့က ပြောတယ်။ ... ကျွန်တော့်သမီးက လက်မှတ်မထိုးဖို့ကို ငြင်းတယ်။ သူ(မ)နဲ့ လက်မှတ်မထိုးတဲ့ တခြားရွာသားတွေကို စစ်တပ်က ဖမ်းလိုက်တယ်။ ကျွန်တော့် သမီးက ကိုယ်ဝန်နဲ့မို့လို့ အဲညနေမှာ ပြန်လွှတ်လိုက်တယ်" (ဦးကျဲ)



သိမ်းယူထားသော မြေယာများကို အဆင့်ဆင့်လက်လွှဲရောင်းချခဲ့ခြင်းကြောင့် မြေယာပဋိပက္ခဖြစ်ပွားချိန်တွင် ပိုင်ဆိုင်ခွင့်အတွက် တောင်းဆိုမှုများ ထပ်ခါထပ်ခါ ဖြစ်ပွားနေခဲ့သည်။ သံဖြူဇရပ်မြို့နယ် ဝဲရက်ကျေးရွာရှိ နိုင်ရျုတ်၏ ခြံမြေကို ဒေသခံတပ်ရင်းက စစ်အစိုးရလက်ထက်တွင် သိမ်းယူခဲ့ပြီး အခြားသူ (၂၄) ဦးအား ရောင်းချခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဦးရျုတ်က မြေယာပိုင်ဆိုင်ခွင့်အတွက် သံဖြူဇရပ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်ထံ တိုင်ကြားခဲ့ရာ ကော်မရှင်က ဦးရျုတ်၏ ပိုင်ဆိုင်ကြောင်းတင်ပြမှုမှာ ခိုင်လုံမှုမရှိဟု ဆုံးဖြတ်ကာ ပိုင်ရှင်သစ် (၂၄) ဦးကို အနိုင်ပေးခဲ့သည်။

## ၇-က) တိုင်းရင်းသားလယ်သမားများအတွက် အတားအဆီးဖြစ်နေသော မြေယာမူဝါဒ

မြန်မာနိုင်ငံ လယ်ယာမြေဥပဒေက မိရိုးဖလာပိုင်ဆိုင်မှုကို အသိအမှတ်မပြုသဖြင့် ဘိုးစဉ်ဘောင်ဆက်လက်လွှဲပိုင်ဆိုင်လာသော တိုင်းရင်းသားလယ်သမားများအနေဖြင့် တရားဝင်မြေယာပိုင်ဆိုင်ခွင့် ဆုံးရှုံးလျက်ရှိသည်။

နိုင်ရျုတ်အနေဖြင့် မိရိုးဖလာပိုင်ဆိုင်မှုအနေဖြင့် ခြံမြေကို ပိုင်ဆိုင်ခဲ့သော်လည်း ၎င်းပိုင်ဆိုင်မှုကို တရားရေးနှင့် အုပ်ချုပ်ရေးစနစ်က အသိအမှတ်မပြုသဖြင့် မြေယာကို လက်လွှတ်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

“မြေယာပြဿနာကို ဖြေရှင်းတဲ့အခါမှာ နည်းနှစ်နည်းရှိတယ်။ ပထမနည်းကတော့ အစိုးရက သူတို့ဥပဒေအတိုင်း ဆုံးဖြတ်တယ်။ နောက်တစ်နည်းကတော့ ကိုယ့်ဒေသမှာရှိတဲ့ မိရိုးဖလာအစဉ်အလာအတိုင်း ဆုံးဖြတ်တာ။” (လယ်ယာမြေဆိုင်ရာ ပညာပေးရေးအစီအစဉ်မှ ဦးဆောင်သူတစ်ဦး)

စစ်ဘက်ဆိုင်ရာနှင့် စီးပွားရေးသမားများက မြေယာပိုင်ဆိုင်ခွင့်မရှိဘဲ မြေယာအမြောက်အမြားကို ရယူသိမ်းယူနိုင်သည်ကို ကြည့်ပါက မြေယာပိုင်ဆိုင်ခွင့်သည် ရှင်းလင်းမှုမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မြေယာပိုင်ဆိုင်ထားသော်လည်း တရားဝင် အထောက်အထားမရှိသော ဦးရျုတ်ကဲ့သို့သော မြေပိုင်ရှင်များအနေဖြင့် မိမိတို့၏မြေယာများကို စစ်တပ်ကသိမ်းယူပြီး တစ်ခြားသူများထံသို့ ရောင်းချခြင်းခံရပါက များစွာနစ်နာမည်ဖြစ်သည်။

ဦးရျုတ်ဖြစ်စဉ်ကို ကြည့်ပါက အသစ်ပြုလုပ်ထားသောစာရွက်စာတမ်းအထောက်အထား ရှိရုံမျှဖြင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မရှင်က ပိုင်ရှင်အသစ်များအား အနိုင်ပေးလိုက်ခြင်းသည် စစ်တပ်နှင့် နီးစပ်မှုရှိနေခြင်းကြောင့်သာလျှင် ဖြစ်သည်။

## ၇-ခ) သံဖြူဇရပ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်က တည်ဆဲဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း

သံဖြူဇရပ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်က ၂၀၁၂ လယ်ယာမြေဥပဒေအတိုင်း ဆုံးဖြတ်ခဲ့သည်ဟု ဆိုနိုင်သော်လည်း လယ်ယာမြေပဋိပက္ခအတွက် စုံစမ်းစစ်ဆေးမည်၊ တရားစီရင်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များ ပါရှိရမည်ဟူသော နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို လိုက်နာခဲ့ခြင်း မရှိချေ။

"ဒီတစ်ကြိမ်နဲ့ဆို လယ်ယာမြေစီမံခန့်ခွဲမှုကော်မရှင်က မြေပိုင်ရှင်တွေကို ခေါ်တာ လေးကြိမ်ရှိပြီ။ ဒါပေမယ့် ကော်မရှင်က ကျွန်တော်တို့ကို ဘယ်တော့မှ အကြောင်းမကြားဘူး။ စုံစမ်းမှုတွေ လုပ်နေတယ်ကြားလို့ ကျွန်တော်က သူတို့ကို ဆက်သွယ်တယ်။ ဒါလည်း သူတို့က မခေါ်ဘူး။ သူတို့စိတ်ကြိုက် အမှုကို ဆုံးဖြတ်တယ်။ ဒီအခြေအနေကို ကျွန်တော်တို့ လက်မခံနိုင်ဘူး။ မြေပိုင်ရှင်တွေကလည်း ဆုံးဖြတ်ချက်ကို လက်မခံဘူး" (မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး)

## ၈) မြေယာသိမ်းယူမှုဖြစ်စဉ်များကို လေ့လာခြင်း (၃)

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာသော မြန်မာနိုင်ငံတွင် လယ်သမားများကလည်း ၎င်းတို့၏အခွင့်အရေးများအတွက် ကာကွယ်ရေးဝန်ကြီးဌာနကို ဆန့်ကျင်ပြီး တိုက်ပွဲဝင်လာကြသည်။ အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးစားမှုကြောင့် ဖြစ်ပွားနေ ရသော မြေယာပြဿနာများကို ဖြေရှင်းပေးရန် အာဏာပိုင်များက အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။

ရေးမြို့နယ် အသော်ကျေးရွာတွင် ရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးသိန်းဇော်က ဒေသခံစစ်တပ်နှင့် ပူးပေါင်းကာ အသက် (၅၀) အရွယ် ရွာသားဖြစ်သူ နိုင်မြင့်စိန်၏ မြေ (၄.၅၄) ဧကကို သိမ်းယူခဲ့သည်။ ဒူးယားကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း နိုင်သက်ချိုကလည်း အလားတူ စစ်တပ်နှင့်ပူးပေါင်း၍ ရွာသားနိုင်ဝင်းပိုင်ဆိုင်သောမြေကို အဓမ္မသိမ်းယူခဲ့သည်။

### ၈-က) တောင်းဆိုချက်များကို သက်ဆိုင်ရာအာဏာပိုင်များက ငြင်းဆိုခြင်း

မြေယာကိစ္စတွင် နစ်နာသူများဖြစ်သူ ရေးဒေသခံ နိုင်မြင့်စိန်နှင့် နိုင်သက်ချိုတို့က မြေယာသိမ်းယူမှုအကြောင်းကို သက်ဆိုင်ရာ အာဏာပိုင်များထံ အကြိမ်ကြိမ်တင်ပြသော်လည်း လစ်လျူရှုခြင်း သို့မဟုတ် မဖြစ်စလောက်သော လျော်ကြေးငွေဖြင့် ကမ်းလှမ်းခြင်း များကိုသာ ကြုံခဲ့ရသည်။

“မွန်လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရဆီကို ကျွန်တော်တို့ အသနားခံစာ နှစ်ကြိမ်တင်ခဲ့တယ်။ သူတို့ဆီက ဘာတုံ့ပြန်ချက်မှ မရခဲ့ဘူး” (နိုင်မြင့်စိန်)

မြေပိုင်ရှင်များ၏ အသနားခံချက်၊ တောင်းဆိုချက်များကို အစိုးရအာဏာပိုင်များက လစ်လျူရှုထားသဖြင့် ၎င်းတို့၏ ကြိုးပမ်းမှုမှာ သဲထဲရေသွန်ဖြစ်ခဲ့ရသည်။

## ၈-ခ) လုံလောက်မှုမရှိတသော လျော်ကြေးငွေ မပေးခြင်း

ရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းသိမ်းယူထားသော မြေ (၁၀) ကေကို ပြန်လည်ရရှိရန်အတွက် ရေးမြို့နယ်၊ ဆိတ်ကြီးကျေးရွာမှ အသက် (၇၃) နှစ်အရွယ် ဒေါ်ရီက အာဏာပိုင်များထံသို့ အသနားခံစာ အကြိမ်ကြိမ်ပေးပို့ခဲ့သည်။ တုံ့ပြန်ချက်အနေဖြင့် မြေယာများကို ပြန်လည်ပေးအပ်မည့်အစား တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် လျော်ကြေးပေးမည်ဖြစ်ကြောင်း ရေးမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ ဦးမင်းသန့်က လေးကြိမ်ကမ်းလှမ်းခဲ့သည်။

“ဈေးနှုန်းကအရမ်းနည်းတယ်။ ဒီနေ့ပေါက်ဈေးက တစ်ဧကကို သိန်းသုံးဆယ်လောက် ရှိတယ်။ အဲဒီတော့ တစ်ဧကနှစ်သိန်းဆိုတော့ မယူတာက ပိုကောင်းတယ်။ ကာလပေါက်ဈေးအတိုင်း မပေးဘူးဆိုရင် သူတို့ဆီက ဘယ်လျော်ကြေးမှ ကျွန်မတို့ မယူဘူး (ဒေါ်ရီ)



# (၉) နိဂုံးချုပ်

(မြေယာပဋိပက္ခဖြေရှင်းခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လွန်စွာအရေးကြီးသည်)

ယခင်စစ်အစိုးရလက်ထက်မှ ယခုလက်ရှိအယောင်ပြအရပ်သားအစိုးရလက်ထက်အထိ သိမ်းယူခဲ့သော မြေယာများနှင့်ပတ်သက်၍ မူလပိုင်ရှင်တောင်သူလယ်သမားများက မြေယာပြန်လည်ရယူလိုမှုနှင့် တရားမျှတမှုအတွက် ၎င်းတို့၏ဆန္ဒအသံကို အစဉ်တစိုက် ထုတ်ဖော်လာခဲ့ကြသည်။

မြေယာဥပဒေဆိုင်ရာ၊ တရားရေးဆိုင်ရာ ဗဟုသုတနည်းပါးခြင်း၊ ပြင်ပအကူအညီမရရှိခြင်း၊ တရားဥပဒေ၏ အကာအကွယ်မရရှိခြင်းနှင့် အာဏာပိုင်များ၏ ခြိမ်းခြောက်ခြင်းတို့ကြောင့် အတိတ်ကာလ မြေယာတိုက်ပွဲဝင်မှုတွင် အားနည်းချက်များ ရှိခဲ့သည်။

သို့သော် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အသိပညာဗဟုသုတ မြင့်မားလာခြင်း၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများထံမှ အကူအညီရရှိလာခြင်း၊ အာဏာပိုင်များအပေါ် အကြောက်တရား နည်းပါးလာခြင်းတို့ကြောင့် နစ်နာသူမြေပိုင်ရှင်များအနေဖြင့် မြေယာတိုက်ပွဲများကို ပိုမိုစနစ်ကျနစွာဖြင့် တရားဥပဒေနှင့်အညီ ဆင်နွှဲလာကြသည်။

သို့သော် နစ်နာသူမြေပိုင်ရှင်တို့၏ ဆန္ဒအသံများကို အာဏာပိုင်များနှင့် တာဝန်ရှိသူများက အစဉ်တစိုက် လစ်လျူရှုမေ့လျော့ခဲ့သဖြင့် မြေယာပဋိပက္ခမှာ ပြေလည်သွားခြင်း မရှိချေ။

ပြည်တွင်းစစ်ဒဏ်ကို ကာလရှည်ကြာခံစားနေရသော မြန်မာနိုင်ငံအတွက် မြေယာပဋိပက္ခသည် ကြီးမားသော အကျပ်အတည်းတစ်ခု ဖြစ်သည်။ စစ်တပ်၏ မြေယာသိမ်းယူမှု၊ တိုင်းရင်းသားများအပေါ် ဖိနှိပ်မှုတို့သည် အကြမ်းဖက်မှု၊ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်မှုနှင့် ကျေးလက်လူနေမှုဘဝ ပျက်သုဉ်းမှုများသို့ ဦးတည်လျက်ရှိသည်။ မြေယာသိမ်းယူမှုနှင့် တိုက်ပွဲများကြောင့် တိုင်းရင်းသားပြည်သူများမှာ ဆင်းရဲခြင်း၊ နေရပ်ကိုစွန့်ခွာရခြင်းနှင့် အစိုးရအပေါ် မယုံကြည်ခြင်းမျာူး ခံစားရလျက်ရှိသည်။

နိုင်ငံတကာဥပဒေများတွင် မြေယာအခွင့်အရေးကို အခြေခံအခွင့်အရေးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပြီး နိုင်ငံသားများ၏ အိမ်ယာ၊ မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများကို လေးစားကာ အပြည့်အဝကာကွယ်မှုပေးထားသည်။ မြန်မာနိုင်ငံအတွက်လည်း အိမ်ယာ၊ မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများကို အကာအကွယ်ပေးမည်ဆိုပါက ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုကို စတင်နိုင်မည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် အရေးပါလှသော မြေယာပဋိပက္ခဖြေရှင်းမှုကို လုပ်ဆောင်နိုင်ရန် နစ်နာသူတောင်သူလယ်သမား၊ မြေပိုင်ရှင်များ၏ ဆန္ဒအသံကို လစ်လျူရှုမေ့လျော့ခြင်းမရှိဘဲ အထူးဂရုပြု အလေးထားနားထောင်ရမည်ဖြစ်သည်။

မြန်မာတိုင်းရင်းသားလယ်သမားများအနေဖြင့် ပိုင်ဆိုင်မှုအခွင့်အရေးများ၊ အတိတ်ကာလက ဖိနှိပ်မှုများအတွက် သင့်လျော်သော ကုစားမှုများနှင့် အနာဂတ်ကာလ တရားဥပဒေစိုးမိုးမှုများအတွက် အာမခံချက်ရရှိမည်ဆိုပါက အစိုးရနှင့် တိုင်းရင်းသားပြည်သူများအကြား ယုံကြည်မှုတိုးတက်လာမည်ဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေ ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။



- မိရိုးဖလာပိုင်ဆိုင်မှုအပါအဝင် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများအားလုံးကို အစိုးရက အသိအမှတ်ပြု လေးစားရန်။
- မြေယာအခွင့်အရေးကို အသိအမှတ်ပြုရန် တောင်းဆိုနေမှု၊ မြေယာအခွင့်အရေးကာကွယ်ရေးနှင့် ပညာပေးရေး လုပ်ဆောင်မှုအပေါ် ပြုလုပ်နေသော ဖိနှိပ်မှုအားလုံးကို ရပ်တန့်ရန်။
- အောက်ခြေလယ်သမားများ၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေးကို အကာအကွယ်ပေးနိုင်ရန် အတွက် တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရန်။
- အစိုးရ၏ မြေယာမူဝါဒတွင် မိရိုးဖလာမြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုကြောင်း ရှင်းလင်းစွာ ဖော်ပြရန်။
- တရားဝင်မြေယာပိုင်ဆိုင်မှု ပုံစံအားလုံးကို အသိအမှတ်ပြုရန်။
- မြေယာအငြင်းပွားမှု ဖြေရှင်းရာတွင် လယ်သမားအားလုံး လက်လှမ်းမီနိုင်သော လုံးဝလွတ်လပ်သော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိရန်။
- မြေသိမ်းယူမှုပုံစံအားလုံးကို ချက်ချင်းရပ်တန့်ရန်။
- နိုင်ငံတဝန်းလုံးတွင် ဖြစ်ပွားခဲ့သော မြေသိမ်းယူမှုအားလုံးအပေါ် ထိရောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်။
- လုံလောက်မျှတသော လျော်ကြေးငွေပေးချေမှု အာမခံချက်ရှိရန်။
- စစ်တပ်သိမ်းယူထားသော မြေယာပြဿနာများကို ဖြေရှင်းရာတွင် အဟန့်အတားဖြစ်နေသည့် အခြေခံဥပဒေပါ စစ်တပ်၏ သီးခြားတရားစီရင်ပိုင်ခွင့်ကို ပယ်ဖျက်ရန်။
- မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လက်ဝါးကြီးအုပ်ထားမှုကို လျှော့ချရန်နှင့် မြေယာပဋိပက္ခဆိုင်ရာ တရားစီရင်မှုစနစ်အားလုံး စစ်တပ်လွှမ်းမိုးမှုမှ ကင်းလွတ်အောင် ဆောင်ရွက်ရန်။
- တရားသော ဥပဒေများစိုးမိုးရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ သီးခြားလွတ်လပ်မှု ရှိစေရန်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ စီစဉ်ထုတ်ဝေသည်။

A REPORT BY

# THE HUMAN RIGHTS FOUNDATION OF MONLAND-BURMA

FEBRUARY 2015

Copyright @ 2015 Human Rights Foundation of Monland- Burma (HURFOM)
All rights reserved.

Date of publication: February, 2015
Publisher: Human Rights Foundation of Monland-Burma (HURFOM)
Contact Address: P.O Box 35
Sangkhlaburi post office
Kanchanaburi 71240, Thailand

Website address: http://www.rehmonnya.org

All photos and information in this report are copyrighted materials of the Human Rights Foundation of Monland-Burma (HURFOM)




# YEARNING TO BE HEARD

## MON FARMERS' CONTINUED STRUGGLE FOR ACKNOWLEDGEMENT AND PROTECTION OF THEIR RIGHTS

HURFOM

A REPORT BY

THE HUMAN RIGHTS FOUNDATION OF MONLAND – BURMA

FEBRUARY 2015